**ရန်ကုန်၊ ၂၀၂၀ ခုနှစ် ဧပြီလ (၆) ရက်**

# ပူးတွဲမေတ္တာရပ်ခံတောင်းဆိုချက်

***ပြည်သူလူထု၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် COVID-19 ကူးစက်ရောဂါ မှ ကာကွယ်စောင့်ရှောက်ခြင်း။ ။ မြန်မာနိုင်ငံ အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ကပ်ရောဂါပြန့်ပွားမှုကြိုတင်တားဆီးရေးစီမံဆောင်ရွက်ချက်များကိုအရှိန်မြှင့်ဖော်ဆောင်ရန် အရေးတကြီးလိုအပ်လာခြင်း။***

ကမ္ဘာအနှံ့တွင် COVID-19 ရောဂါပိုးကြောင့်သေဆုံးသူဦးရေ ၇၀,၀၀၀ ကျော်ရှိလာခဲ့ပြီဖြစ်သောကြောင့်[1] မြန်မာအာဏာပိုင်များအနေဖြင့်လည်း အဆိုးဆုံးအခြေအနေနှင့်ကြုံတွေ့လာပါကရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်လိုအပ်သည်။ ၂၀၂၀ခုနှစ် ဧပြီလ ၆ ရက်[2] နေ့အထိ ရောဂါပိုး စမ်းသပ်တွေ့ရှိသူ (၂၁) ယောက်သာရှိသဖြင့် ပြည်တွင်း၌ အတည်ပြုရောဂါပိုးကူးစက်ခံရသူဦးရေနည်းပါးနေဆဲဖြစ်သော်လည်း အခြားအရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကူးစက်ခံရသူများမှာထောင်ဂဏန်းအထိရှိလာပြီဖြစ်သည်။[3]

ထိန်းသိမ်းချုပ်နှောင်ခံရသည့်အခြေအနေမျိုးတွင် ကူးစက်ရောဂါများဖြစ်နိုင်ခြေရှိသောအန္တရာယ်မှာအလွန်ပင်ကြီးမားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အကျဉ်းသားများသည်သာမန်ပြည်သူများနှင့်နှိုင်းစာလျှင် တီဘီရောဂါပိုးကူးစက်ခံရနိုင်ခြေအဆတစ်ရာပိုမိုမြင့်မားသည့်အပြင် အာဟာရချို့တဲ့မှု၊ အိပ်ချ်အိုင်ဗီ (HIV) နှင့် အသည်းရောင်အသားဝါရောဂါများ၏ဒဏ်ကိုပါအချိုးမမျှမတခံစားနေကြရသည်ဟုသုံးသပ်ထားသည်။[4] လတ်တလော အလျင်အမြန်ကူးစက်ပျံ့နှံ့နေသည့် COVID-19 ကြောင့် အကျဉ်းထောင်နှင့် အချုပ်စခန်းများတွင် ရုတ်တရက်ကပ်ရောဂါပိုးပြန့်ပွားလာနိုင်ခြေရှိပြီးစိုးရိမ်ဖွယ်ကျန်းမာရေးအန္တရာယ်များပေါ်ပေါက်လာနိုင်ကြောင်း ကိုလည်း WHO မှ ကမ္ဘာ့နိုင်ငံအသီးသီးရှိအစိုးရများအားသတိပေးခဲ့သည်။[5] ထိုအကြံပြုချက်များသည် မြန်မာနိုင်ငံအတွက်လည်းအထူးတလည်သက်ဆိုင်မှုရှိသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များသည်၎င်းတို့၏အမြင့်ဆုံးဝင်ဆန့်နိုင်အားထက်ပျမ်းမျှခြင်းအားဖြင့် ၁၄၀ ရာခိုင်နှုန်းကျော်လက်ခံထားရသည့်အတွက်ထောင်တွင်းလူဦးရေသိပ်သည်းပြည့်လျှံမှုကိုဆိုးရွားစွာကြုံတွေ့နေရခြင်းကြောင့်ဖြစ်သည်။ [6]

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားလာနိုင်သည့်အလားအလာသည်ထောင်ပေါင်းများစွာသောအကျဉ်းသားများ၊ အကျဉ်းထောင်ဝန်ထမ်းများနှင့် သက်ဆိုင်ရာမိသားစုပေါင်းများစွာကိုတိုက်ရိုက်ခြိမ်းခြောက်မှုများရှိလာနိုင်သည်။ ထို့အပြင် အနီးပတ်ဝန်းကျင်ရပ်ရွာများသို့ပါလျှံထွက်ကူးစက်မှုများဖြစ်ပေါ်လာနိုင်သည်။ အကျဉ်းသားများအကြား ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မားလာသည်နှင့်အမျှ အကျဉ်းထောင်များအတွင်း တင်းမာမှုများ၊ မငြိမ်မသက်ဖြစ်မှုနှင့်လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများဆီသို့အလျင်အမြန်ဦးတည်သွားနိုင်သည်။

ယခုလအစောပိုင်း၌ အီတလီ၊ ကိုလံဘီယာနှင့် အိန္ဒိယနိုင်ငံ အကျဉ်းထောင်များအတွင်း COVID-19 ကူးစက်ခံရမည်ကို စိုးရိမ်ကြောက်လန့်မှု ကြီးထွားလာခြင်းကြောင့် ထောင်တွင်းဆူပူအုံကြွမှုများဖြစ်ပေါ်လာခဲ့ပြီးနောက် ဒါဇင်ပေါင်းများစွာသော သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် ထွက်ပြေးလွတ်မြောက်မှုများပေါ်ပေါက်လာခဲ့သည်။[7]အကျဉ်းထောင်လူဦးရေပြည့်ကျပ်ပေါက်ကွဲမှုကိုလျှော့ချရန်နှင့် အချုပ်စခန်းများအတွင်း COVID-19

ကပ်ရောဂါကူးစက်ပြန့်ပွားမှုကိုကာကွယ်တားဆီးရန်ရည်ရွယ်သောမကြုံစဖူးထူးကဲသည့်အရွေ့တစ်ခုအဖြစ် ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ အိုင်ယာလန်၊ အီရန်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ အိန္ဒိယ နှင့် အင်ဒိုနီးရှား နိုင်ငံများက ပြည်သူလူထုလုံခြုံရေးအတွက်အန္တရာယ်အနည်းဆုံးဖြစ်စေရန်ရည်ရွယ်၍အကျဉ်းသား ဦးရေအမြောက်အများကို ပြစ်ဒဏ်မစေ့မီကြိုတင်လွှတ်ပေးသွားမည်ဖြစ်ကြောင်းကြေညာခဲ့ကြသည်။[8]

မြန်မာနိုင်ငံ အကျဉ်းဦးစီးအာဏာပိုင်များသည်လည်းထောင်ဝင်စာလာတွေ့သူများအတွက်လက်ဆေးဆပ်ပြာ နှင့် ဘေစင်များထားရှိပေးခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုစတင်ဆောင်ရွက်လျက်ရှိသည်။[9] ထို့အပြင် ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးကိရိယာများကိုလည်းဝယ်ယူနေပြီဖြစ်သည်။ ဤကဲ့သို့သော အပြုသဘောဆောင်သည့်လုပ်ငန်းများနှင့်တစ်ပြိုင်နက်တွင် **မြန်မာနိုင်ငံအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိအာဏာပိုင်များအနေဖြင့် နိုင်ငံတွင်းရှိ အချုပ်ထောင်များ၌ COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးရန်နှင့် လျှော့ချနိုင်ရန်ပိုမိုကျယ်ပြန့်ပြည့်စုံသည့် အစီအစဉ်တစ်ရပ်ရေးဆွဲဖော်ဆောင်သွားရန် အရေးတကြီးလိုအပ်လာပြီဖြစ်သည်။** ဤနေရာ၌ အကျဉ်းထောင်များသာမက ရဲဘက်စခန်းများ၊ ရဲအချုပ်များ၊ လူဝယ်ပြုပြင်ထိန်းသိမ်းရေးစခန်းများ၊ မူးယစ်ဆေးစွဲကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများအပါအဝင် ပဋိပက္ခဒဏ်သင့်နယ်မြေဒေသများရှိအလားတူစခန်းများပါ အကျုံးဝင်ကြောင်းကိုလည်း ရည်ညွှန်းအပ်ပါသည်။

ယခုလအစောပိုင်း၌ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က COVID-19 ကာကွယ်တားဆီးရေးလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိသည့်အကျဉ်း သားများကိုတစ်နိုင်ငံလုံးအတိုင်းအတာလွတ်ငြိမ်းချမ်းသာခွင့်ပြုရန်မေတ္တာရပ်ခံတောင်းဆိုခဲ့ပါသည်။[10] ယခုပူးတွဲမေတ္တာရပ်ခံချက်၌လက်မှတ်ရေးထိုးကြသောအဖွဲ့များအနေဖြင့် AAPP ၏ တောင်းဆိုချက်ကိုသဘော တူထောက်ခံပါသည်။ **အဓိကအကြံပြုချက်များနှင့် ဦးစားပေးဆောင်ရွက်သင့်သောလုပ်ငန်းများကိုအောက်တွင် ဆက်လက်အဆိုပြုထားပါသည်။** သို့သော်လည်း ယင်းအချက်များမှာအကျဉ်းထောင်အတွင်းရောဂါပိုးကူး စက်ပြန့်ပွားခြင်းကိုတားဆီးရန်လုံးဝပြီးပြည့်စုံသည်ဟုမဆိုလိုပါ။

**၁။ ထောင်တွင်း လူဦးရေသိပ်သည်းပြည့်လျှံမှုကိုလျှော့ချသည့်အနေဖြင့် အများပြည်သူလုံခြုံရေးအတွက် အန္တရာယ်ဖြစ်နိုင်ခြေနည်းပါးသည့်အကျဉ်းသားများကိုရွေးချယ်လွှတ်ပေးပါရန်။ ။** အကျဉ်းသားများအားလုံးကို သာတူညီမျှဆက်ဆံမှုရှိကြောင်းသေချာစေရန်နှင့် အကျဉ်းထောင်အတွင်းဆူပူအုံကြွမှုများကိုကာကွယ်တား ဆီးရန် စနစ်ကျ၍ ပွင့်လင်းမြင်သာသောလုပ်ငန်းစဉ်တစ်ရပ်ရေးဆွဲချမှတ်ကာ အကျဉ်းသားများကိုပြန်လည် လွှတ်ပေးသင့်သည်။ ဦးစားပေးအနေဖြင့်မည်သည့်အကျဉ်းသားမျိုးကိုပြန်လွှတ်ပေးသင့်ကြောင်းသတ်မှတ် နိုင်စေရန် အကျဉ်းဦးစီးအာဏာပိုင်များအနေဖြင့်တစ်နိုင်ငံလုံးအတိုင်းအတာလေ့လာဆန်းစစ်မှုတစ်ရပ်ကိုအမြန် ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။ ဤမေတ္တာရပ်ခံတောင်းဆိုချက်၌ပါဝင်လက်မှတ်ရေးထိုးထား သူများအနေဖြင့် အောက်ပါစံသတ်မှတ်ချက်များကိုအသုံးပြုရန်အဆိုပြုလိုပါသည်။

- အသက် (၅၀) ကျော်သည့် အကျဉ်းသားများ၊ ကျန်းမာရေးပြဿနာ (ဥပမာ တီဘီ၊ HIV၊ ကင်ဆာ၊ ဆီးချို၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နလုံးရောဂါအခံရှိသူများ၊ ပန်းနာ ရင်ကြပ်အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ)[11] တစ်ခုခုရှိနေသူများ၊ အသက် ၁၈နှစ် မပြည့်သေးသူများနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊
- နိုင်ငံအတွင်းရှိ အကျဉ်းသားဦးရေစုစုပေါင်း၏အနည်းဆုံး ၁၀% ကို ကိုယ်စားပြုလျက်ရှိသည့် တရားရင်ဆိုင်နေဆဲစီရင်ချက်မကျမီထိန်းသိမ်းချုပ်နှောင်ခံထားရသူများ၊[12]

- အာမခံကြေးပေးသွင်းနိုင်သည်ဖြစ်စေ၊ မသွင်းနိုင်သည်ဖြစ်စေ အာမခံပေးနိုင်သည့်ပြစ်မှုများဖြင့် ထိန်းသိမ်းချုပ်နှောင်ခံထားရသူများ၊
- လွှတ်ပေးလိုက်မည်ဆိုပါကလည်း အများပြည်သူလုံခြုံရေးကိုထိပါးနှောင့်ယှက်ခြင်းရှိလာမည် မဟုတ်သည့် အကြမ်းဖက်မှုမရှိသောပြစ်ဒဏ်များဖြင့်စီရင်ချက်ချမှတ်ခံထားရသူများ။ အသေး စိတ်တိတိကျကျပြောရမည်ဆိုပါကအောက်ပါပြစ်မှုများနှင့်ပြဋ္ဌာန်းချက်များကိုကျူးလွန်ခဲ့သဖြင့် စီရင်ချက်ချခံခဲ့ရသူများကို ဦးစားပေးအဖြစ်ထည့်သွင်းစဉ်းစားသင့်ပါသည်။
    - ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေ၏ ယခင်ပုဒ်မ ၁၅ နှင့် ပြင်ဆင်ပြီးလက်ရှိဥပဒေ၏ ပုဒ်မ ၁၆ နှင့် ၂၁၊
    - ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၃ နှင့် ၇၊
    - ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၇၊
    - ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၅ (ဂ) နှင့် (ဃ)၊
    - ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၃၀ (ဂ) နှင့် (ဃ)၊

ပြန်လွှတ်ပေးလိုက်သည့်အကျဉ်းသားများ အဓိကအားဖြင့် လူမှုရေးနှင့် ကျန်းမာရေးအထူးလိုအပ်ချက်ရှိသူများ (ဥပမာ HIV ပိုးဖြင့် နေထိုင်ကြသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ နားခိုစရာအမိုးအကာနှင့် နေထိုင်စရာလို အပ်သူများစသည်ဖြင့်) ကို မည်သည့်နေရာ၌မည်ကဲ့သို့သောကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့်အခြားလူမှု ထောက်ကူပြုဝန်ဆောင်မှုများရယူနိုင်ကြောင်း သတင်းအချက်အလက်အပြည့်အစုံကိုပြန်လွှတ်သည့်အချိန် တွင်တစ်ပါတည်းပေးလိုက်ရန်လည်းလိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတော်အစိုးရသည် ထောင် သွင်းအကျဉ်းချမှုထက်အခြားရွေးချယ်စရာနည်းလမ်းများကိုအားပေးမြှင့်တင်သော ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့် နှစ်ရပ်စလုံး၌လက်ခံကျင့်သုံးလျက်ရှိသည့်ဆုံးဖြတ်ချက်များနှင့်လမ်းညွှန်စာတမ်းများကိုလည်းသဘော တူညီပြီးဖြစ်သည်။[13]သို့ပါသောကြောင့် အသေးစားမူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများကိုပြန်လွှတ်ပေးခြင်း သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဂါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC) က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒပါအကြံပြုချက်များနှင့် ရှေ့နောက်ညီညွတ်မှုရှိပါသည်။[14]

**၂။ အကြမ်းဖက်ခြင်းမရှိသည့်ပြစ်မှုများအတွက်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အကျဉ်းထောင်သို့အကျဉ်းသားသစ် ထပ်မံစေလွှတ်မှုများအားလုံးကို ယာယီဆိုင်းငံ့ထားပေးရန်။** ။ အထက်တွင်ဖော်ပြထားသည့်ပြစ်မှုများ (ရှေ့အပိုဒ်ကိုကြည့်ပါ) အပါအဝင်ဖြစ်သော်လည်းယင်းတို့ချည်းသက်သက်မဟုတ်ပါ။ အကျဉ်းသားသစ် ဖြည့်သွင်းခြင်းသည်အကျဉ်းထောင်ပတ်ဝန်းကျင်သို့ COVID-19 ကူးစက်ခံထားရသူများတင်သွင်းမိသွား မည့်အရဲစွန့်ရမှုအန္တရာယ်ကိုပိုမိုမြင့်မားလာစေနိုင်သည်။ ယင်းက ရောဂါကူးစက်မှုနှုန်းကိုလျင်မြန်စွာဖြစ်စေ ပြီး ထိန်းချုပ်ရခက်ခဲသည့်အခြေအနေသို့ရောက်ရှိသွားနိုင်သည်။ ရဲဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန(GAD)၊ တရားရေးဌာနတို့အနေဖြင့် ရှင်းလင်းပြတ်သားသည့်အမိန့်ညွှန်ကြားချက်များရေးဆွဲ ပြဋ္ဌာန်း၍ နိုင်ငံအဝှမ်းရှိမိမိတို့၏ဌာနခွဲများရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်၍ တင်းတင်းကျပ်ကျပ်လိုက် နာဆောင်ရွက်မှုရှိကြောင်းသေချာစေရန်ထပ်ဆင့်ညွှန်ကြားပေးပို့သင့်ပါသည်။

**၃။ အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများအကြား ရောဂါကူးစက်ပြန့်ပွားနိုင်သည့်အရဲစွန့်ရမှု အန္တရာယ်များကိုလျှော့ချမည့် အကျဉ်းထောင်များအတွင်း ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို**

**အရှိန်မြှင့်ဖော်ဆောင်မှုပြုရန်။** ။ အောက်ပါလုပ်ငန်းများအပါအဝင်ဖြစ်သော်လည်း ၎င်းတို့ချည်းသက်သက် ကန့်သတ်ထားခြင်းမရှိပါ။[15]

- တစ်ကိုယ်ရေသန့်ရှင်းရေး အခြေအနေတိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပေးခြင်း (ဥပမာ အဆောက်အအုံများကို ပိုးသတ်ဆေးဖြန်းခြင်း၊ လက်ဆေးဘေစင်များ၊ ရေချိုးခန်းများ နှင့် အိမ်သာများကိုအရေအတွက်တိုးမြှင့်ချထားပေးခြင်းသာမကအနီးဆုံးလက်လှမ်းမီနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ အကျဉ်းသားများအတွက် ဆပ်ပြာခဲများအခမဲ့ထောက်ပံ့ပေးခြင်း၊ စွန့်ပစ် အညစ်အကြေး စီမံခန့်ခွဲရေးလုပ်ထုံးလုပ်နည်းများအတိုင်းတိတိကျကျဖော်ဆောင်ခြင်း စသည် ဖြင့်)၊
- တင်းကျပ်သည့်လုပ်ထုံးလုပ်နည်းများ ချမှတ်ဖော်ဆောင်ခြင်း (ဥပမာ- ဖြစ်နိုင်ခြေရှိသည့် ရောဂါ လက္ခဏာများနှင့် အရဲစွန့်ရမှုအန္တရာယ်ရှိသည့်မောင်းနှင်အားများကို ထောက်လှမ်းဖော်ထုတ် နိုင်စေရန် အကျဉ်းဦးစီးဝန်ထမ်းများနှင့် ထောင်ဝင်စာလာတွေ့သူများကို စနစ်တကျကိုယ်ပူချိန် တိုင်းတာစစ်ဆေးခြင်းနှင့် မေးခွန်းလွှာပုံစံများကို ဖြည့်သွင်းစေခြင်း၊ သံသယရှိလူနာများတွေ့ရှိ ပါကချက်ခြင်းစမ်းသပ်စစ်ဆေးနိုင်ရန်ပြင်ဆင်ထားခြင်း၊ သီးသန့်ခွဲခြားကုသနိုင်မည့် အဆောင် များကိုကြိုတင်ပြင်ဆင်ထားခြင်း၊ အကျဉ်းသားအသစ်များအားသီးသန့်အခန်းများတွင်နစ်ပတ် ကြာသီးသန့်စောင့်ကြပ်ကြည့်ရှုမှု (quarantine) ကို တင်းကျပ်စွာဆောင်ရွက်ခြင်း စသည်ဖြင့်)၊
- အကျဉ်းသားများနှင့် အကျဉ်းဦးစီးဝန်ထမ်းများအတွက်လက်ဆေးပိုးသတ်ဆေးရည်နှင့် အကာ အကွယ်ပစ္စည်းကိရိယာများ(ဥပမာ နှာခေါင်းစည်းမျက်နှာဖုံးများ) ဖြန့်ဖြူးထောက်ပံ့ပေးခြင်း၊
- မှန်ကန်သည့်လက်ဆေးနည်းအဆင့်ဆင့်အပါအဝင် COVID-19 ကူးစက်နိုင်သည့်နည်းလမ်း များ၊ ရောဂါလက္ခဏာများနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို အကျဉ်းသားများနှင့်အကျဉ်း ထောင်ဝန်ထမ်းများ သိရှိနားလည်စေရန်ပညာပေးခြင်း၊
- အကျဉ်းသားများ အာဟာရပိုမိုပြည့်ဝလာစေရန်အစားအသောက်နှင့် အသီးအနှံများကိုတွဲ၍ ဖြန့်ဖြူးထောက်ပံ့ပေးခြင်း။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုအကျဉ်းသားများလိုက်နာကျင့်သုံးနိုင်စေရန်ကျန်းမာရေးပညာပေးစာ စောင်များနှင့် သတင်းစကားများကိုခိုင်မာသည့်လက်တွေ့လုပ်ငန်းစဉ်များဖြင့် ထောက်ပံ့ပေးရန်လိုအပ်ပါသည်။ လက်ဆေးဘေစင်များတိုးချဲ့ချပေးခြင်း၊ ဆပ်ပြာခဲများထောက်ပံ့ပေးခြင်း၊ အဆောင်အသီးသီး၌နေထိုင်လျက် ရှိသည့်အကျဉ်းသားဦးရေများကိုလျှော့ချပေးခြင်းမရှိပါကပုံမှန်လက်ဆေးရန်နှင့်တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာ နေကြရန်အကြံပြုထားသော်လည်းလိုက်နာဆောင်ရွက်နိုင်မည်မဟုတ်ပါ။

အလားတူအရေးကြီးသည့်ကိစ္စရပ်မှာ အကျဉ်းသားများကိုကန့်သတ်မှုပြုလုပ်ရန်လိုအပ်သည့်ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများကြောင့်ထောင်ဝင်စာတွေ့မှုများကိုလျှော့ချရန်လိုအပ်လာနိုင်သဖြင့် အကျဉ်းသားများ အား ၎င်းတို့၏မိသားစုများနှင့် သို့မဟုတ် ဥပဒေထောက်ကူပြုရှေ့နေများနှင့်အဆက်အသွယ်ပြတ်တောက် မသွားစေရန်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အကျဉ်းဦးစီးအာဏာပိုင်များ၏တာဝန်ဝတ္တရားများကို မျှမျှတတ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ဥပမာ-ထောင်ဝင်စာတွေ့သည့်အခန်းများ၌ မှန်ပြူတင်းပေါက် များနှင့်အခန်းတွင်းဆက်သွယ်မှုစနစ်များတပ်ဆင်အသုံးပြုခြင်း သို့မဟုတ် ဖုန်းများနှင့်ရိုးရှင်းသည့်ကင်မရာ စက်များကိုတပ်ဆင်ပေးခြင်းကဲ့သို့သောဘေးကင်းစိတ်ချရပြီးအဖိုးအခသက်သာ၍အလွယ်တကူအကောင် အထည်ဖော်နိုင်သည့်နည်းလမ်းများကိုအသုံးပြုကာ ဖုန်းနှင့်ဗီဒီယိုခေါ်ဆိုမှုများပြုလုပ်စေခြင်းဖြင့် လူချင်းထိတွေ့

သည့် ထောင်ဝင်စာတွေ့မှုများကိုဟာယာဖီအစားထိုးအသုံးပြုနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် အကျဉ်းသားများ၏အခြေခံလူ့အခွင့်အရေးကိုအမြဲတမ်းအာမခံပေးရန်လိုအပ်သဖြင့် ကူးစက်ခံရသူများကိုသီးခြားခွဲ၍ထားရှိမှုကဲ့သို့သော အရေးယူဆောင်ရွက်ချက်များ၏အတိုင်းအတာနှင့်ကြာချိန်တို့ကိုမဖြစ်မနေလိုအပ်မှုပေါ်မူတည်ပြီး တတ်နိုင်သမျှအချိုးအစားမျှတမှုရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

**၄။ အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက်ကျန်းမာရေးဝန်ဆောင်မှုများပိုမိုလက် လှမ်းမီလာနိုင်အောင် ဆောင်ရွက်ပေးရန်။** ။ အာဏာပိုင်များသည် အကျဉ်းသားများ၏ကျန်းမာရေးပြုစုစောင့်ရှောက်မှုခံယူပိုင်ခွင့်အတိုင်းအတာကိုထောင်ပြင်ပ၌နေထိုင်ကြသူများရရှိသည်ထက် လျော့နည်းခြင်းမရှိအောင်ဖြည့်ဆည်းဆောင်ရွက်ပေးရန်တာဝန်ရှိပါသည်။[16]အမှန်တကယ်တမ်း၌အကာအကွယ်ပစ္စည်းကိရိယာများ၊ ရေနှင့် လက်ဆေးဆပ်ပြာများကိုအကျဉ်းသားများလက်လှမ်းမီနိုင်အောင်ဆောင်ရွက်ပေးခြင်းနှင့်အကျဉ်းသားအချင်းချင်း အနည်းဆုံးလိုအပ်သည့်အကွာအဝေးအတိုင်း လူချင်းခွာနေနိုင်အောင်ဆောင်ရွက်ပေးခြင်း (အကျဉ်းခန်းအသီးသီးရှိ အကျဉ်းသားအရေအတွက်ကိုလျှော့ချပေးခြင်းဖြင့်) တို့အပြင် လိုအပ်လာပါက ကျွမ်းကျင်ဆေးဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေး၍ဆေးဝါးကုသမှုခံယူပိုင်ခွင့်ကိုပါရရှိအောင်ဆောင်ရွက်ပေးရမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် HIV နှင့် တီဘီ ကဲ့သို့သော ရောဂါများအတွက်မဖြစ်မနေရရှိရန်လိုအပ်လျက်ရှိသည့်ဆေးဝါးများထောက်ပံ့မှုကိုဆက်လက်ပေးအပ်ရန်နှင့်မည်သည့်နည်းနှင့်မျှ ဖြတ်တောက်ခြင်းသို့မဟုတ်အဆက်ပြတ်သွားစေခြင်းမရှိသင့်ပေ။ ထို့အပြင်အကျဉ်းထောင်ဝန်ထမ်းများအတွက်အချိန်နှင့်တစ်ပြေးညီအခမဲ့ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီရရှိအောင်အာမခံပေးရန်လိုအပ်ပါသည်။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို လုံးဝအခမဲ့ဆက်လက်ရရှိစေရန်နှင့်ယင်းတို့အတွက်အကျဉ်းသားများဖက်ကကျခံပေးရခြင်းမျိုးမရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။ ဤသို့မဆောင်ရွက်ပါက COVID-19 ၏ အပျော့စားရောဂါလက္ခဏာများကိုသာပြသည့်လူနာများအနေဖြင့်ဆေးဝါးကုသမှုခံယူခြင်းမရှိဘဲ ထောင်အာဏာပိုင်များသတိမထားမိစေရန်တနည်းနည်းဖြင့်ရှောင်ကြဉ်မှုပြုနိုင်သည်။ ယင်းကအခြားအကျဉ်းသားအခန်းဖော်များနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက်ရောဂါပိုးကူးစက်ခြင်းအရဲစွန့်ရမှုအန္တရာယ်မြင့်မားသွားစေနိုင်ပါသည်။

မြန်မာအကျဉ်းထောင်များနှင့် အချုပ်စခန်းများ၌ ကျယ်ပြန့်ပြည့်စုံသည့်အစီအစဉ်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ရန်အတွက်ထပ်မံလိုအပ်သည့်အရင်းအမြစ်များကိုအရေးပေါ်ရှာဖွေစုစည်းရန်လိုအပ်ပါလိမ့်မည်။ အစိုးရထံမှထောင်အာဏာပိုင်များအားတိုက်ရိုက်ထောက်ပံ့မှုများဆက်လက်လိုအပ်သကဲ့သို့ နိုင်ငံတကာအကူအညီနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်လည်းဤကြိုးပမ်းအားထုတ်မှုကိုပံ့ပိုးကူညီသည့်အနေဖြင့် ဦးတည်ရန်ပုံငွေများကိုပံ့ပိုးထောက်ပံ့ပေးသင့်ပါသည်။

အာဏာရအစိုးရအဆက်ဆက်သည် သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ကိုထိထိရောက်ရောက်အသုံးပြုခဲ့ကြပြီးဖြစ်သည်။ ယခုကဲ့သို့သောအခြေအနေမျိုး၌အစဉ်အလာမပျက်ဆောင်ရွက်ခဲ့သောနှစ်သစ်ကူးလွတ်ငြိမ်းချမ်းသာခွင့်သည်ယခင်နှစ်များနှင့်မတူဘဲအထူးအရေးကြီးလာပြီဖြစ်သည်။ မြန်မာအကျဉ်းထောင်များတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားလာနိုင်သည့်အန္တရာယ် အမှန်တကယ်နီးကပ်လာနေပြီဖြစ်သည်။ ဤကိစ္စသည်

အကျဉ်းသားများနှင့်အကျဉ်းထောင်ဝန်ထမ်းများကိုသာတိုက်ရိုက်ခြိမ်းခြောက်နေခြင်းမဟုတ်ဘဲ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုပါသိမ်းကျုံးခြိမ်းခြောက်လာခဲ့ပြီဖြစ်သည်။

**ကျွန်ုပ်တို့အနေဖြင့် ကျန်းမာရေးပြဿနာအခံရှိသည့် အကျဉ်းသားများကိုသာမက အကြမ်းဖက်ခြင်းမရှိသည့် ပြစ်မှုများဖြင့် ပြစ်ဒဏ်ကျခံနေရသူများကိုလွှတ်ပေးခြင်းအပါအဝင် နိုင်ငံတွင်းရှိ အကျဉ်းထောင်များ၌ COVID-19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှုများပေါ် ပေါက်လာခြင်းမရှိအောင်ကြိုတင်ကာကွယ်တားဆီးမည့်တိုးချဲ့ အရေးယူဆောင်ရွက်ချက်များကိုအမြန်ဆုံးချမှတ်အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အာဏာပိုင်များအားလုံးကိုမေတ္တာရပ်ခံတောင်းဆိုလိုက်ပါသည်။**

ယခုစာတမ်းသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများစတင်ခဲ့သည့် စုပေါင်းလုပ်ငန်းစဉ်တစ်ခု၏အကျိုးရလဒ်ဖြစ်ပါသည်။ ဤတောင်းဆိုချက်၌ပါဝင်လက်မှတ်ရေးထိုးကြသူများအနေဖြင့် အသေးစိတ်ပြင်ဆင်နိုင်ရန်ဝိုင်းဝန်းကူညီခဲ့ကြသလိုနည်းပညာပိုင်းဆိုင်ရာရှုထောင့်မှ ရက်ရက်ရောရောလမ်းညွှန်အကြံပေးခဲ့ကြသည့် UNAIDS၊ WHO နှင့် အကျဉ်းသားများ၏အရေးအရာများကိုကိုင်တွယ်ဆောင်ရွက်လျက်ရှိသည့် အခြားအဖွဲ့အစည်းများမှ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ ပြောကြားအပ်ပါသည်။

**ပူးတွဲထောက်ခံပါဝင်သည့် အဖွဲ့အစည်းများ။ ။**

1. Drug Policy Advocacy Group (DPAG)
2. Metta Development Foundation
3. Mahamate (Alliance) Myanmar
4. Myanmar Opium Farmers Forum (MOFF)
5. Pa-O Youth Organization (PYO)
6. Assistance Association for Political Prisoners (AAPP)
7. Open Myanmar Initiative (OMI)
8. တော်ဝင်ခရေကွန်ရက် (SWiM Network)
9. Aye Myanmar Association (AMA)
10. Myanmar Positive Woman Network (MPWN)
11. မြန်မာလူငယ်ကြယ်ပွင့်များကွန်ရက် (MYS)
12. Myanmar Interfaith Network on AIDS (MINA)
13. Myanmar Positive Group (MPG)
14. National Drug Users Network – Myanmar (NDNM)
15. Kings N Queens LGBT organization
16. Lotus
17. ဇီဝဖိုးငှက်များ (SWIFTS)
18. Nature Community-Based People Who Use Drugs Rehab Network

19. OASIS
20. Golden Eagle (Kachin)
21. Shining Star (Myitkyina)
22. Flying Bird (Myitkyina)
23. Cycle of Love (Myitkyina)
24. Hepatitis-C Support Group (Myitkyina)
25. New Star (Moegaung)
26. Methadone Support Group (Moegaung)
27. Methadone Support Group (Namati)
28. Pure Balance Mind (Hopin)
29. Women Advisory Group (Kachin)
30. Local AIDS Committee (Putao)
31. Local AIDS Committee (Mohnyin)
32. Local AIDS Committee (Washawng)
33. Future Light (Monywa)
34. Heal the World
35. Pa-O Farmer Development Union (PFDU)
36. Pekhon Farmers Network (PKFN)
37. Karenni Legal and Human Rights Center (KnLHRC)
38. Mon Region Land Policy Affairs Committee (MRLPAC)
39. Ta'ang Students and Youth Union (TSYU)
40. Human Rights Foundation of Monland (HURFOM)
41. Southern Youth Development Organization (SYDO)
42. မြေယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (Kutkai)
43. Action Group for Farmer Affair (Bago)
44. Action Group for Farmer Affair (Sagaing)
45. Mon Youth Network (Ye)
46. Mon Area Community Development Organization
47. Farmer Union (Labutta)
48. Land in Our Hand (LIOH)
49. Lahu Development Network (LDN)
50. Mon State Community Association
51. Mon Youth Educator Organization
52. Kyun Ta Htaung Myae Foundation
53. Than Lwin Thitsar
54. Mon JAG
55. Lobbyist Advocator Initiator Negotiator (Kayah)
56. ကယားလီဖုလူငယ်
57. Kachin State Women Union
58. Htoi Gender and Development Foundation
59. Pinnya Tagar Academy

60. Uok Tone Development Organization
61. Shan Women Development Network
62. Lisu Civil Society Organization
63. Pyoe Development Organization
64. Namkyoe Parahita Foundation
65. Kachin State Farmers Association
66. Lawng Byit Hkawng Development Organization
67. Loi Yang Bum Community Development Organization
68. Nam Shani Social Development Organization
69. Alinn Bhamaw Local Development Organization
70. Daifin Social Service
71. Waimaw CSOs Network
72. Down Peace Organization
73. Paung Si Aya Parahita Foundation
74. Farmer Network Monyin
75. Ahr Man Thit Bhamaw
76. Pan Pyoe Lett
77. Htoi San Local Development Organization
78. Lann Pya Kye Mansi
79. Evergreen Organization (Momawk)
80. Minggalar Foundation
81. Township Leading Group (Waimaw)
82. Myit Phya Aya Association
83. Transparency and Accountability Network in Kachin State
84. Community Health And Development
85. Kachin State Women Network
86. Grip Hand Organization
87. Machyang Baw Social Development Organization
88. Kachin Conservation Network Group
89. Paung Ku
90. Asia Catalyst
91. Médecins du Monde (MdM)
92. Transnational Institute (TNI)

**ဆက်သွယ်ရန်။ ။**
**မူးယစ်ဆေးဝါးမူဝါဒပြောင်းလဲရေး စည်းရုံးအရေးဆိုမှုအဖွဲ့ - မြန်မာ (DPAG)**
**ဒေါက်တာ နန်းပန်းအိခမ်း**
coord.dpag@gmail.com
**ဖုန်း။ ၀၉ ၅၀၂၁၁၅၃၊ ၀၉ ၇၉ ၉ ၈၅၂၀၈၀**

# မှတ်စုကိုးကားချက်များ

[1] As of 3 April 2020. See live evolution on: https://coronavirus.jhu.edu/map.html
[2] Ibid
[3] Ibid
[4] https://www.who.int/tb/areas-of-work/population-groups/prisons-facts/en/
[5] http://www.euro.who.int/en/health-topics/health-determinants/prisons-and-health/news/news/2020/3/preventing-covid-19-outbreak-in-prisons-a-challenging-but-essential-task-for-authorities
[6] See 2018 report by Assistance Association for Political Prisoners (AAPP): https://aappb.org/wp-content/uploads/2018/12/nee-urgent-reform-eng.pdf
Also see: https://www.prisonstudies.org/country/myanmar-formerly-burma
[7] https://time.com/5801183/italian-inmates-escape-coronavirus-riots/
https://edition.cnn.com/2020/03/23/americas/colombia-prison-riots/index.html
https://timesofindia.indiatimes.com/city/kolkata/riot-erupts-in-dum-dum-jail-undertrial-killed-in-firing/articleshow/74753923.cms
[8] https://www.theguardian.com/australia-news/2020/mar/24/hundreds-of-nsw-prisoners-could-be-released-early-under-covid-19-emergency-powers
https://www.bbc.com/news/world-us-canada-51947802
http://www.leparisien.fr/paris-75/avec-le-coronavirus-les-prisons-franciliennes-se-vident-25-03-2020-8288019.php
https://www.bbc.com/news/uk-scotland-52071852
https://www.iprt.ie/latest-news/irish-prison-service-and-covid-19/
https://www.nbcnews.com/news/world/coronavirus-prompts-prisoner-releases-around-world-n1169426
https://www.hrw.org/news/2020/03/23/bahrains-prison-release-positive-insufficient
https://www.thejakartapost.com/news/2020/03/26/afghanistan-to-release-up-to-10000-prisoners-to-slow-coronavirus-spread.html
https://www.thestar.com.my/news/regional/2020/03/27/india039s-maharashtra-frees-11000-prisoners-to-control-covid-19
https://www.thejakartapost.com/news/2020/04/01/covid-19-indonesia-releases-more-than-5500-inmates-plans-to-free-50000.html
[9] https://frontiermyanmar.net/en/overcrowded-prisons-battle-covid-19-with-ginger-water-handbasins-as-authorities-consider-early?fbclid=IwAR3cPpD5V_6YRtsqJlg1owI1zLIjPUO3kX6WtVg5bQb7ud17uzMYHLmkf7w
[10] https://aappb.org/2020/03/statement-on-prevention-against-covid-19-virus-in-prisons-labor-camps-and-custodies/
[11] See notably recommendations of CDC: https://www.cdc.gov/coronavirus/2019-ncov/need-extra-precautions/people-at-higher-risk.html?CDC_AA_refVal=https%3A%2F%2Fwww.cdc.gov%2Fcoronavirus%2F2019-ncov%2Fspecific-groups%2Fhigh-risk-complications.html
[12] See AAPP report: https://aappb.org/wp-content/uploads/2018/12/nee-urgent-reform-eng.pdf
[13] National Drug Control Policy:
https://www.unodc.org/documents/southeastasiaandpacific/2018/02/Myanmar_Drug_Control_Policy.pdf
National Strategic Plan on HIV IV, 2021-2025
Resolution 58/5 of the Commission on Narcotic Drugs (CND):
https://www.unodc.org/documents/commissions/CND/CND_Sessions/CND_58/2015_Resolutions/Resolution_58_5.pdf
2016 UNGASS Outcome document: https://www.unodc.org/documents/postungass2016/outcome/V1603301-E.pdf
[14] See: https://www.unodc.org/documents/southeastasiaandpacific/2018/02/Myanmar_Drug_Control_Policy.pdf
[15] For more detailed information see: http://www.euro.who.int/en/health-topics/health-determinants/prisons-and-health/publications/2020/preparedness,-prevention-and-control-of-covid-19-in-prisons-and-other-places-of-detention-2020
[16] See: http://www.euro.who.int/__data/assets/pdf_file/0005/249188/Prisons-and-Health.pdf